# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ ရှင်းလင်းချက်

## {နည်းဥပဒေ-၂၇}

## ခုံသမာဓိကောင်စီ၏ အငြင်းပွားမှုအမှတ် (၂၃/၂၀၁၇)

စာအမှတ်၊ ၀၀၂/၁/၁၁/အလဆ(ဥပဒေ) ၂၀၁၇(၁၃၄)

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မေလ၊ ၁၉ ရက်

အကြောင်းအရာ။ **ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့၏ အငြင်းပွားမှုအမှတ်(၂၃/၂၀၁၇)၏ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မေးမြန်းချက်အပေါ် ရှင်းလင်းခြင်း**

**ရည်ညွှန်းချက်။** ၈-၅-၂၀၁၇ ရက်စွဲပါ ဒေါ်ခင်စန်းလွင်၏ တင်ပြစာ

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ခုံသမာဓိကောင်စီ ခုံအဖွဲ့၏ ၂၆-၄-၂၀၁၇ ရက်နေ့တွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်တွင်ပါရှိသော သုံးသပ်ချက်များအပေါ် ရည်ညွှန်းပါစာဖြင့် မေးမြန်းထားသည့် ဒေါ်ခင်စန်းလွင်၏ မေးမြန်းချက်များကို ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုရေးနည်းဥပဒေ အပိုဒ် ၂၇ နှင့်အညီ သိရှိနိုင်ရန် အောက်ပါအတိုင်း ပြန်ကြားအပ်ပါသည်။

၂။ နည်းဥပဒေ အပိုဒ် ၂၇ တွင် **"အငြင်းပွားသူများသည် ဆုံးဖြတ်ချက်ပါ အကြောင်းအရာများနှင့်သက်ဆိုင်သည့် မရှင်းလင်းသောအချက်များအား ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့ထံသို့ ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ (၇)ရက်အတွင်း ပြန်လည်ရှင်းလင်းပေးပါရန် လျှောက်ထားတောင်းခံနိုင်သည်။ အဆိုပါရှင်းလင်းချက်သည် ဆုံးဖြတ်ချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်၍ ဆုံးဖြတ်ချက်တွင် ပူးတွဲထားရှိရမည်"** ဟူသော နည်းဥပဒေပါ ပြဋ္ဌာန်းချက်အရ မိမိတို့ ခုံအဖွဲ့သည် ဆုံးဖြတ်ချက်ကိုသာ ရှင်းလင်းချက်ပေးနိုင်မည်ဖြစ်ပါသည်။ လူကြီးမင်း၏ ရှင်းလင်းချက်တောင်းခံခြင်းသည် ခုံအဖွဲ့၏သုံးသပ်ချက်များအပေါ် တောင်းခံထားသည်ဖြစ်၍ နည်းဥပဒေ အပိုဒ် ၂၇ အရ ညီညွတ်ခြင်းမရှိသဖြင့် ခုံအဖွဲ့သည် သုံးသပ်ချက်များအပေါ် တစ်စုံတစ်ရာ ရှင်းလင်းဆောင်ရွက်ပေးနိုင်မည်မဟုတ်ကြောင်း သိရှိနိုင်ရန် အကြောင်းကြားပါသည်။

| | | |
|---|---|---|
| ဦးထွန်းအေး | ဦးသောင်းစိန် | ဦးရဲနိုင်ဝင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |